# တရုတ်-မြန်မာမီဒီယာများဖလှယ်ခြင်းဖြင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးတိုးမြှင့်

မေလ ၂၀ရက်နေ့တွင် မြန်မာနိုင်ငံမှ ရောက်ရှိလာကြသော အဓိကမီဒီယာ (၁၅)ခုရှိ မီဒီယာသမား(၂၀)ဦးတို့သည် ကူမင်းမြို့တွင် စုစည်း၍ မြန်မာသတင်းထောက်များမွမ်းမံသင်တန်း(၂၀၁၆)၏ ပညာသင်ကြားရေးခရီး၊ ချစ်ကြည်ရေးခရီးကို စတင်ဖွင့်လှစ်လိုက်သည်။

ယခုအကြိမ် မွမ်းမံသင်တန်းကို တရုတ်နိုင်ငံသတင်းထောက်များအသင်းချုပ်နှင့်ယူနန်ပြည်နယ် သတင်းထောက်များအသင်းတို့မှ ကြီးမှူးကျင်းပပြီး တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံတကာပြန့်ပွားရေးနှင့် လူချွန်လူကောင်းမွေးထုတ်လေ့ကျင့်ရေးစင်တာမှ တာဝန်ယူကျင်းပထားခြင်းဖြစ်သည်။ အဆိုပါစင်တာ တည်ထောင်လာပြီးနောက် တာဝန်ယူကျင်းပခဲ့သည့် ပထမဆုံးအကြိမ်သင်တန်းလည်းဖြစ်သည်။ (၁၁)ရက်ကြာသင်တန်းကာလအတွင်း သင်တန်းသားများသည် တရုတ်နိုင်ငံ ခြားရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံခြားဘာသာပြန်ဆိုရေးဗျူရို၊ ယူနန်နော်မန်တက္ကသိုလ်၊ ယူနန်အသံလွှင့်နှင့်ရုပ်မြင်သံကြားဌာန၊ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု စသည့်ဌာနများသို့ သွားရောက်လေ့လာခဲ့သည်။ တရုတ်-မြန်မာပူး ပေါင်းဆောင်ရွက်ရေး၊ တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးစသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ တရုတ်အစိုးရဝန်ထမ်းများ၊ ပညာရှင်များ၊ သတင်းမီဒီယာသမားများနှင့်ဖလှယ်ခဲ့သည်။ မီဒီယာများအကြား နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကို ဆတက်ထမ်းပိုးတိုးမြှင့်ရန် အခြေခံအုတ်မြစ်ချမှတ်နိုင်ခဲ့သည်။ တရုတ်-မြန်မာ အချင်းချင်း ပိုမိုသိရှိနားလည်စေပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကိုလည်း ပိုမိုခိုင်မြဲစေနိုင်ခဲ့သည်။ အထူးသဖြင့်(၄)ကြိမ်မြောက် တောင်အာရှကုန်စည်ပြပွဲ မဖွင့်လှစ်မီတရုတ်-မြန်မာမီဒီယာများဖလှယ်ကြခြင်းသည် ကုန်စည်ပြပွဲကျင်းပရန်အတွက် လက်တွဲ၍ဖွံ့ဖြိုးတိုးတက်သော၊ ပူးပေါင်းဆောင်ရွက်၍ အပြန်အလှန်အနိုင်ရရှိစေသော ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခဲ့သည်။

# ဖလှယ်ရေး တံတားဆောက်လုပ်ထား

“တရုတ်- မြန်မာနှစ်နိုင်ငံသတင်းထောက်များဟာ နှစ်နိုင်ငံချစ်ကြည်ရေးရဲ့ မျက်မြင်သက်သေပြုသူ၊ မှတ်တမ်းပြုသူဖြစ်ရမယ်။ နှစ်နိုင်ငံချစ်ကြည်ရေးရဲ့ တိုးမြှင့်သူနဲ့ တွန်းပို့သူလည်းဖြစ်ရမယ်”။

မေလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည့်မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားတွင် တရုတ်သတင်းထောက်များအသင်းချုပ်အတွင်းရေးမှူးရုံးမှ အတွင်းရေးမှူးကျူးစို့ချိန်က သင်တန်းသားများအားထိုသို့မှာကြားခဲ့သည်။ ထို့နောက် ဦးဝင်းတင်က တရုတ်-မြန်မာချစ်ကြည်ရေးခိုင်မြဲရန်အခွင့်အလမ်းသစ်အတွက်၊နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် တတ်နိုင်သမျှကြိုးစားသွားမည်ဟု ပြောကြားသည်။

ယခုအကြိမ်ခရီးတွင် သင်တန်းသားများက တရုတ်နိုင်ငံ၌ (၁၁)ရက်သာနေထိုင်ခဲ့သော်လည်း ၄င်းတို့သည် တရုတ်မီဒီယာသမားများနှင့် လုပ်ငန်းဆိုင်ရာများဖလှယ်ခဲ့ကြသည်။ တရုတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ သမိုင်းနှင့်ယဉ်ကျေးမှု၊ နိုင်ငံခြားရေးမူဝါဒနှင့် တရုတ်နိုင်ငံပြည်သူများ၏ နေထိုင်စားသောက်ပုံများကို သိရှိနားလည်ခဲ့သောကြောင့် ယင်းပညာသင်ကြားရေး ခရီးသည် အပြန်အလှန်သိရှိနားလည်ရန်ခရီးလည်းဖြစ်သည်။ “မြန်မာနဲ့တရုတ်နိုင်ငံတို့ဟာ ခွဲလို့မရတဲ့အိမ်နီးချင်းကောင်းဖြစ်ပါတယ်။ မီဒီယာများအနေနဲ့နှစ်နိုင်ငံအကြား၊ နှစ်နိုင်ငံပြည်သူများအကြားမှ ချစ်ကြည်ရေးကို လက်ဆင့်ကမ်းဖို့ အကောင်းဆုံး ဖလှယ်ရေးကိရိယာဖြစ်တယ်”။ မြန်မာနိုင်ငံရန်ကုန်မီဒီယာများအုပ်စု အထွေထွေမန်နေဂျာဇော်ဝင်းခိုင်က ပြီးခဲ့သည့်နှစ်များအတွင်း မိမိအနေဖြင့် တရုတ်-မြန်မာနှစ်နိုင်ငံတို့မှ ကျင်းပထားသော လေ့လာဖလှယ်ရေးအစီအစဉ်များကိုအမြဲလိုလို ပါဝင်တက်ရောက်ခဲ့ကြောင်း၊နှစ်နိုင်ငံရှိ မီဒီယာများအကြား ဆက်ဆံမှုရင်းနှီးလာနေသည်ကိုလည်း အဆက်မပြတ် ခံစားလျက်ရှိကြောင်း၊ ယခုအကြိမ်မွမ်းမံသင်တန်းကျင်းပခြင်းဖြင့် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” မျှော်မှန်းချက်အောက်တွင် တရုတ်-မြန်မာနှစ်နိုင်ငံ၏ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျိုးတူအနိုင်ရရှိရေးအတွက် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ကြောင်းသတင်းထောက်အား ပြောကြားသွားသည်။

တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-အာဆီယံပူးပေါင်းဆောင်ရွက်ရေးအကြောင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးဖလှယ်ကြပြီးသည့်နောက် မြန်မာ့သင်တန်းသားများသည် သင်တန်းကာလအတွင်း မိမိတို့တွေ့မြင်သမျှများ၊ ခံစားသမျှများကို မြန်မာနိုင်ငံသို့ ဆောင်ကြဉ်းသွားပြီး မျှဝေပေးမှာဖြစ်ကြောင်း၊ နောင်အခွင့်ရှိပါက တရုတ်-မြန်မာဆက်ဆံရေးဆိုင်ရာသုတေသနပညာရှင်များ၊ မျိုးဆက်သစ်လူငယ်များနှင့် ပိုမိုတွေ့ဆုံဖလှယ်နိုင်မည်ဟု မျှော်လင့်ထားကြောင်း ဖော်ပြကြသည်။

ယူနန်ပြည်နယ်၏ ထူးကဲသော ပထဝီတည်နေရာနှင့် စီးပွားရေး၊ ယဉ်ကျေးမှုနောက်ခံများကြောင့် ယူနန်-မြန်မာဆက်ဆံရေးသည် တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေး၏ အရေးပါသော အစိတ်အပိုင်း ဖြစ်လာတော့သည်။ မြန်မာ့ 《ရွှေဇာမဏီ》 တရုတ်ဘာသာသတင်းစာမှ အယ်ဒီတာလင်းလင်းထွန်းသည် နှစ်နိုင်ငံ အဆက်မပြတ်ပူးပေါင်းဆောင်ရွက်သည့် နောက်ခံအောက်တွင် ယူနန်မီဒီယာနှင့် မြန်မာမီဒီယာများအနေနှင့် ယင်းအခွင့်ကောင်းယူ၍ နှစ်ဦးနှစ်ဖက်တို့၏ ဖွံ့ဖြိုးတိုးတက်ရေးလိုလားချက်များကို အပြန်အလှန်သိရှိလိုကြောင်း၊ အကျိုးတူဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသော၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးအတွက် တွန်းအားပေးသော ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်သွားသင့်ကြောင်း ယူဆထားသည်။

ယခင်က တယ်ဟုန်တိုင်တိုင်းရင်းသား ဂျိမ်းဖောတိုင်းရင်းသားလူမျိုးများကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်ခွဲသို့ရောက်ရှိ၍ မီဒီယာများဖလှယ်မှုအစီအစဉ်ထဲကြိမ်ပေါင်းများစွာ ပါဝင်တက်ရောက်ခဲ့သော 《မန္တလေးနေ့စဉ်သတင်းစာ》 မှ အယ်ဒီတာဦးဝင်းမော်အတွက် မွမ်းမံသင်တန်းထဲ ပါဝင်တက်ရောက်ခြင်းသည် အပြန်အလှန်ပိုမိုသိရှိနားလည်စေသော လေ့လာရေးခရီးဖြစ်ရုံသာမက ၄င်းအတွက် ပူးပေါင်းဆောင်ရွက်ရန်အကြံဉာဏ်သစ်ကိုလည်း ရရှိလာတော့သည်။ “ယူနန်သတင်းထောက်များအသင်း၊ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုနဲ့ဆက်သွယ်ပူးပေါင်းပြီး အထက်မြန်မာနိုင်ငံသတင်းထောက်များအသင်း၊ အထက်မြန်မာနိုင်ငံ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ 《ယနေ့မန္တလေး》 လစဉ်ထုတ်ဂျာနယ်မှာ ‘လှပသောယူနန်’ ကို ခေါင်းစဉ်အဖြစ်ထားတဲ့ ဆောင်းပါးများထည့်သွင်းဖော်ပြကာ လှပတဲ့ယူနန်ကို ပိုများတဲ့မြန်မာ့စာဖတ်သူပရိသတ်များအား မိတ်ဆက်ပေးနိုင်မယ်လို့မျှော်လင့်ထားပါတယ်”။

“မတူခြားနားတဲ့နိုင်ငံမှ မတူခြားနားတဲ့မီဒီယာများက အပေါင်းစွမ်းအားအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ကြခြင်းဟာ ပိုမိုလှပကောင်းမွန်တဲ့အနာဂတ်ကို တီထွင်နိုင်ပါ့မယ်”။ မြန်မာ့အင်တာနက်တီဗွီချန်နယ်(၅)မှ အယ်ဒီတာချုပ်ထွန်းလင်းဌေးက တရုတ်-မြန်မာမီဒီယာသမားများ၏ ဘုံရင်ဖွင့်သံကို ဖော်ပြခဲ့သည်။

စာမျက်နှာ(၂) သို့



တရုတ်-မြန်မာမီဒီယာများမှ သင်တန်းသားတို့က မဟာတံတိုင်းကြီးတွင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်နှင့် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုသို့ သွားရောက်လေ့လာကြစဉ်။